## အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် ( ၀၀၁ / ၂၀၂၅)

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်

### တင်သွင်းတင်ပို့သူများ၊ အကောက်ခွန်ကြေညာလွှာတင်သွင်းသူများ သိရှိနိုင်ပါရန်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ( ၉၀ / ၂၀၂၄) အရ အကောက်ခွန်ဦးစီးဌာနသည် ၁-၁-၂၀၂၅ ရက်နေ့မှစ၍ တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသော ဈေးကွက်ငွေလဲလှယ်နှုန်း (Market Trading Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံခဲ့ပါသည်။

၂။ ယခုအခါ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခင်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၄)ကို ပယ်ဖျက်ပြီး အမိန့်ကြော်ငြာစာအမှတ် ( ၈ /၂၀၂၅) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအမိန့်ကြော်ငြာစာအရ တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသော ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် ၂၅-၁-၂၀၂၅ ရက်နေ့ (၀၀:၀၀:၀၁) နာရီအချိန်မှစ၍ ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**MACCS ဌာနခွဲ**

**အကောက်ခွန်ဦးစီးဌာန**